# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၁/ ၂၀၂၄)   ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၁၈) ရက်

| ၁၈ - ၇ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၉၅.၆ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၆.၂ |
| စတာလင်ပေါင် | ၂,၇၂၇.၅ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၄၁.၇ |
| တရုတ်ယွမ် | ၂၈၉.၂၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၆ |
| အိန္ဒိယရူပီး | ၂၅.၁၀၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၈၄ |
| မလေးရှား ရင်းဂစ် | ၄၅၀.၁၁ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၀၂၁ |
| ထိုင်းဘတ် | ၅၈.၃၇၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၃၀၂၁ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၃-၂၄ စားသုံးဆီနှစ် ပထမ ၈ လအတွင်း အိန္ဒိယနိုင်ငံမှ စားသုံးဆီ တင်သွင်းမှု ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

➢ ရုရှားမှ တရုတ်သို့ ငါးနှင့် ရေထွက်ကုန်များ ထောက်ပံ့မှုသည် အမြင့်ဆုံးသို့ ရောက်ရှိ

➢ အိန္ဒိယနှင့် ရုရှားတို့သည် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ၂၀၃၀ ခုနှစ်တွင် ဒေါ်လာ ၁၀၀ ဘီလီယံ ကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင်ကို ချမှတ်

- **အထွေထွေသတင်းများ**

➢ ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရရှိရန် ရည်မှန်းထား

➢ ၂၀၂၄ နှစ်ကုန်အထိ ထိုင်းနိုင်ငံသို့ ရုရှားခရီးသွား ၁.၇ သန်းခန့် လာရောက်လည်ပတ်မည်

➢ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၄ ခုနှစ် ၅ လတာအတွင်း အမေရိကန်ဒေါ်လာ ၆၄.၃ ဘီလီယံရှိ

➢ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့

➢ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်၌ (၅)% တိုးတက်

➢ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်ကို မြှင့်တင်ပေးလျက်ရှိ

## ၂၀၂၃-၂၄ စားသုံးဆီနှစ် ပထမ ၈ လအတွင်း အိန္ဒိယနိုင်ငံမှ စားသုံးဆီ တင်သွင်းမှု ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

၂၀၂၃-၂၄ စားသုံးဆီနှစ် (နိုဝင်ဘာလမှ အောက်တိုဘာလအထိ) ၈ လအတွင်း အိန္ဒိယနိုင်ငံမှ စားသုံးဆီ တန်ချိန် ၁၀ ဒသမ ၀၉ သန်း တင်သွင်းခဲ့ပြီး ယခင်နှစ်ကာလတူက တန်ချိန် ၁၀ ဒသမ ၃၆ သန်း တင်သွင်းခဲ့သည့်အတွက် ၂ ဒသမ ၆၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော် ၂၀၂၄ ခုနှစ် ဇွန်လက စားသုံးဆီ တန်ချိန် ၁ ဒသမ ၅၂ တန်တင်သွင်းခဲ့ရာ လွန်ခဲ့သောနှစ်ကာလတူက တန်ချိန် ၁ ဒသမ ၃၁ သန်းသာတင်သွင်းခဲ့သည့်အတွက် တင်သွင်းမှု ၁၆ ဒသမ ၄၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၁ ရက်က ဖော်ပြသည်။

၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း စားအုန်းဆီနှင့် ပဲပိစပ်ဆီတင်သွင်းမှု ကျဆင်းခဲ့ကြောင်း Solvent Extractors’ Association of India (SEA) မှ အချက်အလက်များအရ သိရသည်။

အဆိုပါ ၈ လတာကာလအတွင်း စားအုန်းဆီကြမ်းနှင့် သန့်စင်ပြီး စားအုန်းဆီ (RBD palmolein) အပါအဝင် စုစုပေါင်း စားအုန်းဆီတင်သွင်းမှုသည် ယခင်နှစ် ကာလတူက တန်ချိန် ၆ ဒသမ ၀၃ သန်းတင်သွင်းခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၅ ဒသမ ၇ သန်းသို့ လျော့ချတင်သွင်းခဲ့ကြောင်း SEA အမှုဆောင်ဒါရိုက်တာ BV Mehta က ပြောကြားသည်။

၂၀၂၃-၂၄ စားသုံးဆီနှစ်၊ နိုဝင်ဘာလမှ ဇွန်လအထိ အိန္ဒိယနိုင်ငံမှ သန့်စင်ပြီး စားအုန်းဆီ (RBD palmolein) တင်သွင်းမှု တန်ချိန် ၁ ဒသမ ၃၈ သန်းရှိပြီး၊ ယခင်နှစ် ကာလတူက တန်ချိန် ၁ ဒသမ ၄ သန်းတင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပဲပိစပ်ဆီတင်သွင်းမှု တန်ချိန် ၁ ဒသမ ၈၆ သန်းရှိပြီး ယခင်နှစ်ကာလတူက တန်ချိန် ၂ ဒသမ ၄၈ သန်းတင်သွင်းခဲ့ကြောင်း သိရသည်။ သို့သော် ယခင်နှစ် နိုဝင်ဘာလမှ ဇွန်လအထိ ကာလအတွင်း နေကြာဆီတင်သွင်းမှု တန်ချိန် ၁ ဒသမ ၈၅ သန်းသာရှိခဲ့ရာမှ ယခုနှစ်ကာလတူ၌ ၂ ဒသမ ၄၆ သန်းတင်သွင်းခဲ့သည့်အတွက် တင်သွင်းမှုမြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း စုစုပေါင်းစားသုံးဆီတင်သွင်းမှု၌ စားအုန်းဆီပါဝင်မှု ၅၇ ရာနှုန်းနှုန်းရှိပြီး၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ စားသုံးဆီချော (soft oils) ပါဝင်မှု ၄၃ ရာခိုင်နှုန်းရှိကာ ယခင်နှစ်ကာလတူကထက် ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း Mehta က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သည် အိန္ဒိယနိုင်ငံသို့ သန့်စင်ပြီးစားအုန်းဆီ (RBD palmolein) နှင့် စားအုန်းဆီကြမ်း (crude palm oil) ကို အဓိကတင်ပို့သောနိုင်ငံများ ဖြစ်ကြသည်။

Agribusiness & Trade

၂၀၂၃-၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ဇွန်လအထိ အင်ဒိုနီးရှားနိုင်ငံမှ သန့်စင်ပြီးစားအုန်းဆီ (RBD palmolein) တန်ချိန် ၁ ဒသမ ၁၇ သန်းနှင့် စားအုန်းဆီကြမ်း (crude palm oil) တန်ချိန် ၁ ဒသမ ၉၉ သန်းတင်ပို့ခဲ့ကာ၊ မလေးရှားနိုင်ငံမှ သန့်စင်ပြီးစားအုန်းဆီ (RBD palmolein) တန်ချိန် ၀ ဒသမ ၂ သန်းနှင့် စားအုန်းဆီကြမ်း (crude palm oil) တန်ချိန် ၁ ဒသမ ၇၇ သန်း တင်ပို့ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပဲပိစပ်ဆီကြမ်း (အခဲဖယ်ပြီးဆီ၊ de-gummed oil) ကို အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၁ ဒသမ ၀၅ သန်းနှင့် ဘရာဇီးနိုင်ငံမှ ၀ ဒသမ ၆၂ သန်း တင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း ရုရှားနိုင်ငံမှ နေကြာဆီကြမ်း တန်ချိန် ၁ ဒသမ ၁၇ သန်း၊ ရိုမေးနီးယားနိုင်ငံမှ တန်ချိန် ၀ ဒသမ ၆ သန်း၊ ယူကရိန်းနိုင်ငံမှ တန်ချိန် ၀ ဒသမ ၃၅ သန်းနှင့် အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၀ ဒသမ ၂၄ သန်း အသီးသီးတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် ယခုနှစ် ရသုံးမှန်းခြေတွင် စားသုံးဆီကဏ္ဍတိုးတက်ရေးအတွက် အသုံးစရိတ်များသုံးစွဲရန် လျာထားလျက်ရှိကြောင်း၊ ထို့အပြင် စားသုံးဆီအပေါ်ထားရှိသော အကောက်ခွန်နှုန်းထားများကို မြှင့်တင်သွားရန်ရှိသည့်အတွက် ရေရှည်တွင် ပြည်တွင်းဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှုတိုးမြင့်လာကာ ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်လိမ့်မည်ဟု SEA မှ တာဝန်ရှိသူ Mehta က ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း ပြည်ပမှ စားသုံးဆီတင်သွင်းမှု ၂ ဒသမ ၆၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့သော် ဇွန်လတစ်လတာအတွင်း စားသုံးဆီ တန်ချိန် ၁ ဒသမ ၅၂ တန်တင်သွင်းခဲ့ပြီး လွန်ခဲ့သောနှစ် ကာလတူကထက် ၁၆ ဒသမ ၄၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ အစိုးရအနေဖြင့်လည်း ပြည်တွင်းဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှုတိုးတက်ရန်နှင့် ပြည်ပမှ တင်သွင်းမှုလျှော့ချရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိသည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, India's edible oil import down 2.6% in first eight months of oil year 2023-24, July 11, 2024

……………………………………………………………………………………………..

## ရုရှားမှ တရုတ်သို့ ငါးနှင့် ရေထွက်ကုန်များ ထောက်ပံ့မှုသည် အမြင့်ဆုံးသို့ ရောက်ရှိ

၂၀၂၃ နှစ်ကုန်တွင် ရုရှားမှ တရုတ်နိုင်ငံသို့ ငါးနှင့် ရေထွက်ကုန်များထောက်ပံ့မှုသည် သမိုင်းဝင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး တန်ချိန် ၁.၂၉ သန်းရှိကြောင်း ရုရှားငါးလုပ်ငန်းဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ(Russia's Federal Agency for Fishery – Rosrybolovstvo)က ဖော်ပြခဲ့သည်။

ရုရှားမှ တရုတ်နိုင်ငံသို့ အဓိက တင်ပို့သည့် ငါးအမျိုးအစားများမှာ pollock (စုစုပေါင်း ၏ 60 ရာခိုင်နှုန်းခန့်), herring, sardines, fishmeal နှင့် ဂဏန်းများဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ မေလအတွင်း ငါးထွက်ကုန် တန်ချိန် ၅၂၂,၆၄၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး ယင်းပမာဏမှာ ယခင်နှစ်ထက် သာလွန်ခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောကြားခဲ့သည်။

အေဂျင်စီမှ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသို့ အရှေ့ဖျားကဏန်းတင်ပို့မှုပမာဏသည် တန်ချိန် ၁၂,၅၀၀ ကျော်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပို့ကုန်ပမာဏ ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source : https://tass.ru/ekonomika/21327953

.......................................................................................................................

## အိန္ဒိယနှင့် ရုရှားတို့သည် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများအပါ အဝင် ၂၀၃၀ ခုနှစ်တွင် ဒေါ်လာ ၁၀၀ ဘီလီယံ

အိန္ဒိယနှင့်ရုရှားနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးနှင့်ပေးချေမှု၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်အထိ တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြကြောင်း၊ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရင်ဒြာမိုဒီတို့က ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပသည့် ၂၂ ကြိမ်မြောက် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးတွင် ယင်းသဘောတူညီချက်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (Special and privileged strategic partnership) တစ်ရပ်ဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားတွင် နှစ်နိုင်ငံအကြား အဓိကကဏ္ဍကြီး ၉ ခုတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း၊ ၎င်းတို့မှာ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးဖြင့်

Agribusiness & Trade

ပေးချေရေး၊ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြန်စသည့် လမ်းကြောင်းသစ်များဖြင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ လယ်ယာထွက်ကုန်၊ စားသောက်ကုန်နှင့် မြေသြဇာကုန်သွယ်မှုမြှင့်တင်ရေး၊ နျူကလီးယားစွမ်းအင်အပါအဝင်စွမ်းအင်ကဏ္ဍတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်အကျိုးပြုမှုများအားကောင်းစေရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ပူးတွဲစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင်နှစ်နိုင်ငံခေါင်းဆောင်များအကြား ယူရေးရှားစီးပွားရေးသမဂ္ဂနှင့်အိန္ဒိယနိုင်ငံအကြား လွတ်လပ်သောစီးပွားရေးဒေသ ( EAEU–India Free Trade Area) ထူထောင်နိုင်ခြေ အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ဆက်စပ်သော အကောက်ခွန်မဟုတ်သောကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအား ဖယ်ရှားရေးတို့ကို သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

**သဘောတူညီချက်၏ အဓိကအချက်များ**

အောက်ပါအချက်များကို အဓိက သဘောတူညီခဲ့ကြောင်းသိရှိရသည်–

- **ကုန်သွယ်မှုဆိုင်ရာအတားအဆီးများပပျောက်ရေး** – အကောက်ခွန်မဟုတ်သောကုန်သွယ်မှုဆိုင်ရာအတားအဆီးများကိုလျှော့ချရန်နှင့် ယူရေးရှားစီးပွားရေးသမဂ္ဂနှင့် အိန္ဒိယအကြားလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှု (EAEU–India Free Trade Area) ထူထောင်နိုင်ရေးကို အလေးထားဆောင်ရွက်ရန်၊
- **ငွေပေးချေမှုစနစ်** – ကုန်သွယ်မှုဆောင်ရွက်ရာတွင် ရိုးရှင်းလွယ်ကူမှုရှိစေရန်အတွက် နှစ်နိုင်ငံ သုံးငွေကြေးများဖြင့်ပေးချေနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- **ကုန်သွယ်မှုလမ်းကြောင်းသစ်များ** – မြောက်-တောင်စင်္ကြံနှင့် Chennai–Vladivostok ပင်လယ်ရေကြောင်းလမ်းကဲ့သို့သော လမ်းကြောင်းသစ်များဖြင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ရန်၊
- **စိုက်ပျိုးရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု** – စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နျူကလီးယားစွမ်းအင်နှင့် ရေနံသန့်စင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်၊
- **အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး** – သယ်ယူပို့ဆောင်ရေး၊ သင်္ဘောတည်ဆောက်ရေးနှင့် အာကာသကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေရန်၊

Agribusiness & Trade

- **ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆေးဘက်ဆိုင်ရာတိုးတက်မှုများ** – ဒစ်ဂျစ်တယ်စီးပွားရေးတွင် ပူးတွဲစီမံကိန်းများ မြှင့်တင်ဆောင်ရွက်ရန်နှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊
- **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း** – ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

**ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး**

ထိပ်သီးဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်ချက်တွင် နှစ်နိုင်ငံခေါင်းဆောင်များသည်အကောက်ခွန်နှင့် မသက်ဆိုင်သောကုန်သွယ်မှုဆိုင်ရာအတားအဆီးများကိုဖယ်ရှားရန်နှင့် EAEU–India Free Trade Area ထူထောင်နိုင်ခြေအပါအဝင် ကုန်သွယ်မှုဖြေလျှော့မှုဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားရန် ၎င်းတို့၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး အထူးရင်းနှီးမြှုပ်နှံမှုစနစ်များအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုအားဟန်ချက်ညီစေရန်အတွက် အိန္ဒိယမှ ကုန်ပစ္စည်းများတိုးမြှင့်တင်ပို့နိုင်ရေးအပါအဝင် ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၀၀ ဘီလီယံကျော်ရရှိရန် ကတိပြုထားကြောင်းလည်း သိရှိရသည်။

**နှစ်နိုင်ငံငွေကြေးကိုအသုံးပြုရေး**

သဘောတူညီချက်၏ အဓိကကဏ္ဍတစ်ခုမှာ နှစ်နိုင်ငံငွေကြေးကို အသုံးပြု၍ ကုန်သွယ်မှုတွင် ငွေပေးချေမှုဆောင်ရွက်နိုင်ရေးဖြစ်ကြောင်း၊ ယင်းအစီအစဉ်ဖြင့် အိန္ဒိယသည် ရုရှားနိုင်ငံမှတင်သွင်းသည့် ရေနံစိမ်းကဲ့သို့သော သွင်းကုန်များအတွက် အိန္ဒိယရူပီးငွေဖြင့် ပေးချေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ရုရှားသည် အိန္ဒိယပို့ကုန်များအတွက်ပေးချေရန် ယင်းရူပီးငွေကို ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ရုရှားရူဘယ်ငွေကိုလည်း ကုန်သွယ်မှုတွင် အပြန်အလှန်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးစနစ်များအသုံးပြုနိုင်ရေးသည် ယခုပူးတွဲကြေညာချက်၏ အဓိက အစိတ်အပိုင်းဖြစ်ကြောင်း သိရှိရသည်။

**ကုန်သွယ်မှုလမ်းကြောင်းများနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ခြင်း**

မြောက် – တောင်အပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ရေးစင်္ကြံ၊ မြောက်ပင်လယ်လမ်းကြောင်း (Norther Sea Route) နှင့် Chennai–Vladivostok ပင်လယ်ရေကြောင်းလိုင်းကဲ့သို့သော လမ်းကြောင်းသစ်များဖွင့်လှစ်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုမြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း၊ ထို့အတူ ဒစ်ဂျစ်တယ်စနစ်များမှတစ်ဆင့် ကုန်စည်ကုန်သွယ်မှုများ လွယ်ကူ

Agribusiness & Trade

ချောမွေ့စေရန်အတွက် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် အလေးပေးဖော်ပြခဲ့သည်။

**စိုက်ပျိုးရေးနှင့် စွမ်းအင်ကုန်သွယ်မှုကို မြှင့်တင်ရန်**

သဘောတူညီချက်တွင် နှစ်နိုင်ငံကုန်သွယ်မှု၌ လယ်ယာထွက်ကုန်၊ အစားအစာနှင့် ဓာတ်မြေဩဇာတင်ပို့မှုမြှင့်တင်ရန် အစီအစဉ်များပါဝင်ကြောင်း၊ ထို့အတူ အပင်ပိုးမွှားတိရစ္ဆာန်ကင်းရှင်းရေးဆိုင်ရာကန့်သတ်ချက်များနှင့် တားမြစ်ချက်များကိုဖယ်ရှားရေးကို နှစ်ဖက်စလုံးက အလေးထားဆွေးနွေးသွားရန် ရည်မှန်းထားကြောင်း၊ စွမ်းအင်ကဏ္ဍတွင် နျူကလီးယားစွမ်းအင်၊ ရေနံချက်လုပ်ခြင်းနှင့် ရေနံဓာတုဗေဒဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် စွမ်းအင်အခြေခံအဆောက်အအုံများ၊ နည်းပညာများနှင့် စက်ကိရိယာများတွင် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း**

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာ၊ မော်တော်ကားထုတ်လုပ်ရေး၊ သင်္ဘောတည်ဆောက်ရေး၊ အာကာသနှင့် အခြားစက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ခြင်းကို နှစ်နိုင်ငံကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုမ္ပဏီလုပ်ငန်းခွဲများနှင့် စက်မှုအစုအဖွဲ့များ ဈေးကွက်ထဲသို့ အပြန်အလှန်ဝင်ရောက်မှုကိုလည်း လွယ်ကူချောမွေ့စေရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း**

နှစ်နိုင်ငံခေါင်းဆောင်များသည် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် နည်းပညာမြင့်ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် ပညာရေးဆိုင်ရာဖလှယ်မှုများနှင့် အလုပ်သင်များအပါအဝင် သိပ္ပံနှင့်သုတေသနကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်၊ ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်နှင့် ပူးတွဲစီမံကိန်းများဆောင်ရွက်ရန်ကတိပြုခဲ့ကြောင်း၊ ထို့ပြင် ဆေးဝါးများနှင့်အဆင့်မြင့်ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထောက်ပံ့ရေးတွင် စနစ်တကျပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် ရုရှားနိုင်ငံတွင် အိန္ဒိယ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဌာနခွဲများဖွင့်လှစ်ဆောင်ရွက်နိုင်ရန်တို့ကို သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

**လူသားချင်းစာနာမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း**

ထိပ်သီးအစည်းအဝေးသည် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ အားကစား၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားနယ်ပယ်များတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန် အလေးပေးပြောကြားခဲ့ကြောင်း၊ ကုန်

သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရုရှား–အိန္ဒိယ အစိုးရတို့အကြားကော်မရှင်အား အဆိုပါဦးစားပေးကဏ္ဍများကိုလေ့လာပြီး နောက်တစ်ကြိမ် အစည်းအဝေးတွင် တိုးတက်မှုအခြေအနေကို တင်ပြရန်နှစ်ဖက်စလုံးက ညွှန်ကြားခဲ့ကြောင်း ထုတ်ပြန်ကြေငြာချက်တွင် ပါရှိပါသည်။

၂၂ ကြိမ်မြောက် အိန္ဒိယနှင့်ရုရှားနှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်မှ ၉ ရက် အထိ ရုရှားနိုင်ငံမော်စကိုမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒြာမိုဒီတို့က လက်ရှိနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ၎င်းတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံစလုံး၏ ရေရှည်အကျိုးရှိသော အချက်များအပေါ်အခြေခံ၍ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: India and Russia set $100 billion trade goa. By 2030, cooperation in energy, agriculture, The Economic Times, 9th July, 2024.

..............................................................................................................

## ရုရှားနှင့်အိန္ဒိယကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရရှိရန် ရည်မှန်းထား

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့သည် ၂၀၃၀ ခုနှစ်တွင် ရုရှားနှင့်အိန္ဒိယတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရရှိရန် ရည်မှန်းချက်ထားရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုသည် သိသိသာသာတိုးတက်ကောင်းမွန်လျက်ရှိကြောင်း ရုရှားသမ္မတ၏လက်ထောက် Mr. Maxim Oreshkin က ရုရှား–အိန္ဒိယ ဆွေးနွေးပွဲအပြီးတွင် ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏ သတ်မှတ်ရည်မှန်းချက်သို့ ရောက်ရှိရန် ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union– EAEU) နှင့် အိန္ဒိယကြား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်(Free Trade Agreement – FTA) ကို လက်မှတ်ရေးထိုးနိုင်ရန် သက်ဆိုင်ရာဌာနများက ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ နိုင်ငံတော်သုံးငွေကြေးများဖြင့် နှစ်

နိုင်ငံငွေပေးချေမှုစနစ်များကို ဆက်လက်အကောင်အထည်ဖော်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရှိရပါသည်။

ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့် ဆယ်နှစ်အတွင်း ၁၁ ဆခန့် တိုးတက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံခန့်အထိ တိုးတက်ခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမလေးလအတွင်း ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၃.၁ ဘီလီယံအထိ ရောက်ရှိနေပြီဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။

၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၆ ဘီလီယံသာ ရှိခဲ့ရာမှ ဆယ်နှစ်အကြာ ၂၀၂၃ ခုနှစ်တွင် ကိန်းဂဏန်းအရ ၁၀.၈ ဆ တိုးလာခဲ့ပြီး စံချိန်တင် ဒေါ်လာ ၆၄.၆ ဘီလီယံအထိ ရောက်ရှိလာခဲ့သည်။ ရုရှားသည် အိန္ဒိယသို့ ဒေါ်လာ ၆၀.၆ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများပေးပို့ခဲ့ပြီး အိန္ဒိယသည် ရုရှားသို့ ဒေါ်လာ ၄.၁ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများ ပေးပို့ခဲ့သည်။

ရုရှားစွမ်းအင်အရင်းအမြစ်များ တင်ပို့မှု ကြီးထွားလာမှုကြောင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏ အဓိကတိုးမြှင့်လာခဲ့ခြင်းဖြစ်သည်။ ဆယ်နှစ်အတွင်း ရုရှားစွမ်းအင်အရင်းအမြစ်များ တင်ပို့မှုပမာဏသည် ဒေါ်လာ ၃၀၉ သန်းမှ ဒေါ်လာ ၅၃.၄ ဘီလီယံအထိ တိုးတက်လာခဲ့သည်။

လက်ရှိစွမ်းအင်ကဏ္ဍတွင် အိန္ဒိယသည် ရုရှားအတွက် အဓိကမိတ်ဖက်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယသို့ ရုရှားရေနံတင်ပို့မှုသည် မက်ထရစ်တန်ချိန် ၉၀ သန်းရှိခဲ့ပြီး အဆိုပါပမာဏသည် အိန္ဒိယ၏ စုစုပေါင်းဝယ်လိုအား၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ရုရှားရေနံတင်ပို့မှုသည် တန်ချိန် ၄၅ သန်းနှင့် ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၅ သန်းသာ ရှိခဲ့ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် အိန္ဒိယသို့ ရုရှားဓာတ်မြေဩဇာတင်ပို့မှုပမာဏသည် ၆.၄ ဆ တိုးလာခဲ့ပြီး ဒေါ်လာ ၂.၅ ဘီလီယံ(မက်ထရစ်တန်ချိန် ၄.၈ သန်းကျော်)အထိ ရောက်ရှိခဲ့သည်။ ဟင်းသီးဟင်းရွက်ဆီများ တင်ပို့မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၁.၂၅ ဘီလီယံ အထိ ရောက်ရှိခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသို့ အိန္ဒိယ၏ အဓိကပို့ကုန်များမှာ ဆေးဝါး၊ သံမဏိထုတ်ကုန်၊ နီလာ၊ ကြွေထည်ပစ္စည်း၊ ဆန်နှင့် ပုစွန် တို့ဖြစ်ပါသည်။ ရုရှားသည် အိန္ဒိယ၏ အကြီးဆုံးကုန်သွယ်ဖက်များအနက် စတုတ္ထနေရာတွင် ရှိကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240709/ekonomika-1958555381.html
https://ria.ru/20240709/tovarooborot-1958391491.html

Agribusiness & Trade

## ၂၀၂၄ နှစ်ကုန်အထိ ထိုင်းနိုင်ငံသို့ ရုရှားခရီးသွား ၁.၇ သန်းခန့် လာရောက်လည်ပတ်မည်

ယခုနှစ်ကုန်ပိုင်းတွင် ရုရှားခရီးသွား ၁.၇ သန်းခန့်သည် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် မှတ်တမ်းတင်ထားသော အမြင့်ဆုံးအရေအတွက်ထက် ထပ်မံကျော်လွန်သွားမည်ဖြစ်ကြောင်း ရုရှားခရီးသွားလုပ်ငန်း Tez Tour ၏ အရှေ့တောင်အာရှဆိုင်ရာ အထွေထွေကိုယ်စားလှယ် Mr. Andrey Snetkov က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်အစပိုင်းမှစပြီး ထိုင်းနိုင်ငံသို့ ရုရှားနိုင်ငံသား ခရီးသွား ၉၃၀,၀၀၀ ကျော်လာရောက်လည်ပတ်ခဲ့ပြီး အခြားနိုင်ငံခြားဧည့်သည်များအကြား နံပါတ်ငါးနေရာတွင် ရပ်တည်လျက်ရှိသည်။ ထိုင်းနိုင်ငံ၏ အကြီးဆုံးခရီးသွားဈေးကွက်မှာ တရုတ်နိုင်ငံ (ကမ္ဘာလှည့်ခရီးသည် ၃.၅ သန်းကျော်)၊ ဒုတိယနေရာမှာ မလေးရှား(၂.၅ သန်း)၊ တတိယနေရာမှာ အိန္ဒိယ(၁.၁ သန်း)နှင့် စတုတ္ထနေရာမှာ တောင်ကိုရီးယား(၉၅၀,၀၀၀)ဖြစ်သည်။

၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ ရုရှားနိုင်ငံသားများအတွက် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ရက်ပေါင်း ၆၀ ကြာ ဗီဇာကင်းလွတ်ခွင့်စနစ် စတင်အသက်ဝင်ခဲ့သည်။ ယင်းသည် ဇူလိုင်လ ၃၁ ရက်နေ့အထိ အကျုံးဝင်မည်ဖြစ်သည်။ ထို့အပြင် အပြန်အလှန်ခရီးစဉ်များတွင် ဗီဇာစည်းမျဉ်းများကို ပယ်ချခြင်းဆိုင်ရာ အစိုးရအချင်းချင်း သဘောတူညီချက်အရ ဗီဇာကင်းလွတ်ခွင့်ကာလသည် ရက်ပေါင်း ၃၀ အထိ သက်တမ်း ရှိသည်။

၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ရုရှားနိုင်ငံသား ၁.၄၈ သန်း လာရောက်လည်ပတ်ခဲ့ပြီး ယင်းတို့ထံမှ ရရှိသောဝင်ငွေမှာ ဘတ်ငွေ ၉၃.၃ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံ) ရှိကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွား သန်း ၄၀ ဝင်ရောက်ရန် မျှော်မှန်းထားပြီး ဝင်ငွေ ဘတ် ၂.၃ ထရီလီယံ(ဒေါ်လာ ၆၀ ဘီလီယံ) ရှိလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.ru/ekonomika/21307187

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၄ ခုနှစ် ၅ လတာအတွင်း အမေရိကန်ဒေါ်လာ ၆၄.၃ ဘီလီယံရှိ

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၆၄.၃

ဘီလီယံအထိရှိကြောင်း ရုရှားဖက်ဒရယ်အကောက်ခွန်ဝန်ဆောင်မှုဌာန (Federal Customs Service – FCS)၏ အချက်အလက်များအရ သိရှိရသည်။

အစီရင်ခံကာလတွင် ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၇၂.၁ ဘီလီယံ (ယခင်နှစ်ကာလတူထက် ၀.၆ ရာခိုင်နှုန်းလျော့ကျ)ရှိပြီး သွင်းကုန်သည် အမေရိကန် ဒေါ်လာ ၁၀၇.၈ ဘီလီယံ(ယခင်နှစ်ကာလတူထက် ၈.၅ ရာခိုင်နှုန်းလျော့ကျ) ရှိသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေမှာ ၅၅.၃ ဘီလီယံရှိပြီး ယင်းတို့အနက် ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၇၃.၁ ဘီလီယံ ရှိပြီး သွင်းကုန်မှာ ဒေါ်လာ ၁၁၇.၈ ဘီလီယံ ရှိသည်။

ဥရောပနိုင်ငံများသို့တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၂၆ ဘီလီယံသို့ ၃၇.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၂၈.၅ ဘီလီယံသို့ ၁၆.၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အာရှနိုင်ငံများသို့ ရုရှား၏ တင်ပို့မှုသည် ဒေါ်လာ ၁၃၀.၄ ဘီလီယံသို့ ၁၀.၁ ရာခိုင်နှုန်း တိုးလာခဲ့သော်လည်း တင်သွင်းမှုသည် ဒေါ်လာ ၇၁.၈ ဘီလီယံသို့ ၄.၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ ဒေါ်လာ ၉.၉ ဘီလီယံသို့ ၂၁.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တင်သွင်းမှုမှာ ဒေါ်လာ ၁.၅ ဘီလီယံရှိကာ ၂.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၅.၇ ဘီလီယံသို့ ၁၅.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၅.၈ ဘီလီယံသို့ ၁၇.၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှား၏ အဓိကပို့ကုန်မှာ လောင်စာဆီနှင့် စွမ်းအင်ကဏ္ဍထုတ်ကုန်၊ သတ္တုနှင့် သတ္တုထုတ်ကုန်၊ စားသောက်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်၊ ဓာတုဗေဒလုပ်ငန်းသုံးထုတ်ကုန်များနှင့် စားသောက်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/business/969997

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ်၊ ပထမနှစ်ဝက်တွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရန် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း တရားဝင်အချက်အလက်များ၌ ဖော်ပြထားသည်ဟု သိရှိရပါသည်။

Agribusiness & Trade

ဇန်နဝါရီလမှ ဇွန်လအထိ ကုန်စည်ကုန်သွယ်မှုပမာဏသည် (၆.၁)ရာခိုင်နှုန်း မြင့်တက်လာကာ ပို့ကုန်(၆.၉)ရာခိုင်နှုန်းနှင့် သွင်းကုန်(၅.၂)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ အချက်အလက်များအရ သိရှိရပါသည်။

ကိန်းဂဏန်းများအရ နိုင်ငံခြားကုန်သွယ်မှုတွင် အပြုသဘောဆောင်သောလမ်းကြောင်းသည် ပိုမိုခိုင်မာလာကြောင်း လေ့လာသူများက သုံးသပ်ကြပြီး ယခုနှစ် ဒုတိယသုံးလပတ်တွင် သွင်းကုန်နှင့် ပို့ကုန်စုစုပေါင်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက (၇.၄)ရာခိုင်နှုန်းတိုးလာပြီး ယခုနှစ် ပထမသုံးလပတ်၏ တိုးတက်မှု (၄.၉)ရာခိုင်နှုန်းနှင့် ယမန်နှစ် စတုတ္ထသုံးလပတ်၏ တိုးတက်မှု (၁.၇) ရာခိုင်နှုန်းထက် ပိုမိုမြင့်တက်လာကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုသည် အရည်အသွေးနှင့် အရေအတွက် နှစ်မျိုးစလုံးတွင် ဆက်လက်တိုးတက်နေပြီး စီးပွားရေးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေသည်ဟု GACC မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အာဆီယံသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်ရပ်တည်နေပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ပထမနှစ်ဝက်တွင် ယွမ် (၃.၃၆)ထရီလီယံရှိကာ လွန်ခဲ့သည့်နှစ်ကထက် (၁၀.၅)ရာခိုင်နှုန်း တိုးတက်လာကာ နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှုပမာဏ၏ (၁၅.၉) ရာခိုင်နှုန်းရှိကြောင်း၊ ထို့နောက်တွင် ဥရောပသမဂ္ဂမှ ကုန်သွယ်မှုပမာဏ ယွမ်(၂.၇၂) ထရီလီယံ၊ အမေရိကန်က ယွမ် (၂.၂၉)ထရီလီယံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ယွမ် (၁.၁၃) ထရီလီယံ အသီးသီးရှိကြောင်း သိရှိရပါသည်။

Belt and Road Initiative တွင် ပါဝင်သည့် နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ပထမခြောက်လအတွင်း (၇.၂)ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ကုန်သွယ်မှုပမာဏသည် ယွမ် (၁၀.၀၃)ထရီလီယံအထိ ရှိခဲ့ကြောင်း သိရှိရပါသည်။

ယေဘုယျအားဖြင့် ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုသည် ခိုင်မာသော ခံနိုင်ရည်ရှိမှုနှင့် တက်ကြွမှုကိုပြသခဲ့ပြီး ပို့ကုန်များ တည်ငြိမ်၍ တိုးတက်သည့်လမ်းကြောင်းကို ထိန်းသိမ်းထားနိုင်သည်ဟု နိုင်ငံတော်ကောင်စီ၏ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနစင်တာမှ တွဲဖက်သုတေသီ Chen Hongna က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စက်ယန္တရားများနှင့် လျှပ်စစ်ပစ္စည်းများသည် တရုတ်နိုင်ငံ၏ ပို့ကုန်စုစုပေါင်း၏ (၆၀) ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရှိရပါသည်။ အထူးသဖြင့် ပထမနှစ်ဝက်တွင် အလိုအလျောက် ဒေတာစီမံဆောင်ရွက်ပေးသည့် စက်ကိရိယာများနှင့် အစိတ်အပိုင်းများ တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ်

Agribusiness & Trade

(၁၀.၃)ရာခိုင်နှုန်း တိုးလာကာ integrated circuits များသည် (၂၅.၆)ရာခိုင်နှုန်းနှင့် မော်တော်ယာဉ်များသည် (၂၂.၂)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် လာမည့်လများအတွင်း အပြုသဘောဆောင်သော အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်လိမ့်မည်ဟု လေ့လာသူများက မျှော်လင့်လျက်ရှိကြောင်း သိရှိရပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဝယ်လိုအား ကျဆင်းနိုင်သော်လည်း အာဆီယံ၊ လက်တင်အမေရိကနှင့် BRICS နိုင်ငံများ အပါအဝင် ထွန်းသစ်စနိုင်ငံများသည် အဆိုပါကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း Citigroup China ၏ စီးပွားရေးပညာရှင် အကြီးအကဲ Yu Xiangrong က ပြောကြားခဲ့ပြီး တရုတ်နိုင်ငံ၏ ပို့ကုန်တိုးတက်မှုသည် တည်ငြိမ်နေမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ပြင်ပမှ မရေရာမှုများရှိနေသော်လည်း နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ်တွင် ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် တည်ငြိမ်သောအနေအထားကို ပြသနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုတွန်းအားသစ်များ အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း Chen က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နည်းပညာတိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းနှင့် ပြီးပြည့်စုံသောထောက်ပံ့ရေးနှင့် စက်မှုလုပ်ငန်းကွင်းဆက်များသည် ၎င်း၏ကုန်ထုတ်လုပ်မှုစွမ်းအားကို အားကောင်းစေပြီး ပို့ကုန်လုပ်ငန်းရှင်များအား နိုင်ငံတကာဈေးကွက်များတွင် အားသာချက်များ ရရှိစေခဲ့သည်ဟု လေ့လာသုံးသပ်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှုကာကွယ်ရေးဝါဒ မြင့်တက်လာသည်နှင့်အမျှ ကျွမ်းကျင်သူများက ၎င်း၏ အကျိုးသက်ရောက်မှုကို အနီးကပ်စောင့်ကြည့်ရန် တောင်းဆိုခဲ့ပြီး အလယ်အလတ်ကုန်စည်များ ကုန်သွယ်မှုကို တိုးချဲ့ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်ရန် ပိုမိုကြိုးပမ်းအားထုတ်ရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240712/214500a4b5be4cceab8fc543c3f38c42/c.html

……………………………………………………………………………………………..

Agribusiness & Trade

## တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်၌ (၅)% တိုးတက်

တရုတ်နိုင်ငံ၏ GDP သည် ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်တွင် ယွမ်(၆၁.၆၈)ထရီလီယံ (အမေရိကန်ဒေါ်လာ ၈.၄၉ ထရီလီယံ)ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၅) % တိုးလာကြောင်း အမျိုးသားစာရင်းအင်းဗျူရို (National Bureau of Statistics–NBS)က ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပထမသုံးလပတ်တွင် စီးပွားရေးတိုးတက်မှုသည် (၅.၃) % နှင့် ဒုတိယသုံးလပတ်တွင် (၄.၇) % တိုးတက်ခဲ့ကြောင်း NBS က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

NBS မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ တရုတ်နိုင်ငံ၏ တန်ဖိုးမြှင့်စက်မှုကုန်ထုတ်လုပ်မှုသည် ယခင်နှစ်ကာလ တူနှင့်နှိုင်းယှဉ်ပါက မေလတွင် (၅.၆) %နှင့် ဇွန်လတွင် (၅.၃)% တိုးလာကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် တန်ဖိုးမြှင့်စက်မှုကုန်ထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၆)ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ပထမသုံးလပတ်တွင် ယခင်နှစ်ကထက် (၆.၁) % မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

စားသုံးသူအသုံးစရိတ်ကို အဓိက တိုင်းတာသည့် လက်လီရောင်းချမှုသည် ယခုနှစ်၊ မေလတွင် တစ်နှစ်ထက်တစ်နှစ် (၃.၇) % တိုးတက်ခဲ့ပြီး ဇွန်လတွင် (၂) % တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် လက်လီရောင်းချမှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက (၃.၇)% မြင့်တက်ခဲ့ပြီး ပထမသုံးလပတ်တွင် ယခင်နှစ်ထက် (၄.၇) % တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်၊ ပထမနှစ်ဝက်တွင် အခြေခံအဆောက်အဦ၊ ပစ္စည်းပိုင်ဆိုင်မှု၊ စက်ယန္တရားနှင့် စက်ကိရိယာများ အပါအဝင် ကုန်ပစ္စည်းများအတွက် ပုံသေရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက (၃.၉) % တိုးတက်ခဲ့ပြီး ဇန်နဝါရီလမှ မေလအတွင်း (၄)% မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

စစ်တမ်းကောက်ယူမှုအရ မြို့ပြအလုပ်လက်မဲ့နှုန်းသည် ဇွန်လတွင် (၅)%အထိ ရောက်ရှိလာခဲ့ကြောင်း NBS ၏အဆိုအရ သိရှိရပါသည်။

Agribusiness & Trade

ရှုပ်ထွေးသည့် ပြင်ပဖိအားများရှိနေခြင်းနှင့် ထိရောက်သောပြည်တွင်းဝယ်လိုအားမရှိခြင်းတို့ကို NBS မှ သတိပေးထားပြီး စီးပွားရေးပြန်လည်နာလန်ထူလာစေရန် အခြေခံအုတ်မြစ်ကို ခိုင်မာစေရန် ပိုမိုကြိုးပမ်းသင့်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202407/15/WS66948417a31095c51c50e0bc.html

..............................................................................................................

## ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းသည် တရုတ်နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန်ကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံ၏ သွင်းကုန်နှင့် ပို့ကုန်များသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း တိုးတက်မှုကို မြင်တွေ့ခဲ့ရပြီး ခရီးသွားလုပ်ငန်းဈေးကွက်နှင့်အတူ တရုတ်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးခဲ့ကြောင်း CCTV.com ၌ ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နှင့် အာရှအလယ်ပိုင်းနှင့် ဥရောပအလယ်ပိုင်းတို့အကြား အရေးပါဆုံး သယ်ယူပို့ဆောင်ရေးအချက်အချာဖြစ်သည့် Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ယခုနှစ် ဇန်နဝါရီလမှ မေလအထိ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှုပမာဏ ယွမ် (၁၈၅.၆၄)ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅.၅၄ ဘီလီယံ) ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၅၂.၁)ရာခိုင်နှုန်းတိုးလာကာ တစ်နိုင်ငံလုံး တိုးတက်မှုနှုန်း သတ်မှတ်ချက်အရ ဒုတိယအဆင့်၌ ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Alashankou ဂိတ်နှင့် Khorgos ဂိတ်တို့သည် ဗဟိုအာရှနှင့် ဥရောပသို့ ဆက်သွယ်ထားသည့် တရုတ်နိုင်ငံရှိ အရေးကြီးဆုံး မီးရထားဂိတ်နှစ်ခုဖြစ်ပြီး တရုတ်-ဥရောပ ကုန်တင်ရထားများ၏ (၄၀)ရာခိုင်နှုန်းကျော်သည် အဆိုပါဂိတ်နှစ်ခုမှ ဖြတ်သန်းလျက်ရှိကြောင်း၊ ယခုနှစ်တွင် အဆိုပါဂိတ်နှစ်ခုကို ဖြတ်သန်းသွားသည့် တရုတ်-ဥရောပ (သို့မဟုတ် တရုတ်-အာရှ) ကုန်တင်ရထားအရေအတွက်သည် နေ့စဉ် အစီး(၄၀) ကျော်ရှိကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် တရုတ်-ဥရောပ ကုန်တင်ရထား ခရီးစဉ် (၇၇၄၆)ခုသည် Alashankou နှင့် Khorgos ဂိတ်များကို ဖြတ်သန်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၈.၂) ရာခိုင်နှုန်းတိုးလာသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202407/09/WS668c6ac1a31095c51c50d0ba.html